ကယ်လီဖိုးနီးယားတက္ကသိုလ်၊ ဆန်ဖရန်စစ္စကို
စမ်းသပ်မှုတွင်ပါဝင်သူ၏
ရပိုင်ခွင့်များ

သုတေသနလေ့လာမှုတရပ်တွင် ပါဝင်ရန် တောင်းဆိုခံရသူတိုင်းမှာ အောက်ဖော်ပြပါရပိုင်ခွင့်များ ရှိပါသည်။ စမ်းသပ်မှုတွင် ပါဝင်သူတယောက်အနေနှင့် ကျွန်ုပ်မှာ အောက်ပါအခွင့်အရေးများ ရှိပါသည်။

၁။ ဤလေ့လာမှုတွင် မည်သည့်အရာများကိုတွေ့ရှိရန် ရှာဖွေနေသည်ကို ပြောပြထားရပါမည်။

၂။ ကျွန်ုပ်ကို ဘာတွေဖြစ်မည်၊ လုပ်ငန်းစဉ်များ၊ ဆေးဝါးများ၊ သို့ မဟုတ် ကိရိယာများသည် သာမန်သုံးနေကျ အရာများနှင့် မည်သို့ ကွာခြားကြောင်း ပြောပြထားရပါမည်။

၃။ သုတေသနရည်မှန်းချက်များအတွက် ကျွန်ုပ်ကြုံရမည့် မကြာခဏဖြစ်ပေါ်တတ်သည့်အန္တရာယ်များ သို့ မဟုတ် ကြီးလေးသည့်အန္တရာယ်များ၊ ဆေးဒဏ်များ၊ သို့ မဟုတ် နေရထိုင်ရမသက်မသာဖြစ်မည့်အရာများကို ပြောပြထားရပါမည်။

၄။ ပါဝင်လျှင်အကျိုးခံစားခွင့်များ ရှိမရှိ၊ ရှိလျှင်မည်သည့်အကျိုးခံစားခွင့်များရမည်ကို ပြောပြထားရပါမည်။

၅။ ကျွန်ုပ်အနေနှင့်ရွေးချယ်စရာ အခြားဘာများရှိမည်၊ ၄င်းတို့ သည် ဤလေ့လာမှုထဲတွင် ပါဝင်သည် ထက် မည်ကဲ့သို့ ပိုကောင်းသည်၊ ပိုဆိုးသည်ကို ပြောပြထားရပါမည်။

၆။ လေ့လာမှုတွင် ပါဝင်ရန် သဘောမတူခင်ရော ပါဝင်နေချိန်တွင်ပါ ဤလေ့လာမှုနှင့်ပတ်သက်၍ မည်သည့်မေးခွန်းများမဆို မေးခွင့် ပေးထားရပါမည်။

၇။ အကယ်၍ ပြဿနာတစုံတရာပေါ်ပေါက်ခဲ့လျှင် မည်သို့ သောဆေးကုသမှုများရနိုင်ကြောင်း ပြောပြ ထားရပါမည်။

၈။ ပါဝင်ရန် လုံးဝငြင်းဆိုပိုင်ခွင့် သို့ မဟုတ် လေ့လာမှုစတင်ပြီးမှ ပါဝင်ရန်စိတ်ပြောင်းပိုင်ခွင့် ရှိရပါမည်။ ဤဆုံးဖြတ်ချက်သည် ဤလေ့လာမှုတွင် မပါဝင်ခဲ့လျှင်ရရှိမည့် ကုသမှုရပိုင်ခွင့်အပေါ် သက်ရောက်မှု မရှိစေရပါ။

၉။ လက်မှတ်ထိုးပြီး ရက်စွဲတပ်ထားသည့် သဘောတူညီချက်ပုံစံကို မိတ္တူတစောင် ရပိုင်ခွင့်ရှိသည်။

၁၀။ ဤလေ့လာမှုတွင် ပါဝင်ရန်သဘောတူ၊ မတူ စဉ်းစားနေစဉ် ဖိအားပေးခံရခြင်း မရှိစေရပါ။

အခြားမေးစရာများရှိခဲ့လျှင် သုတေသီ သို့ မဟုတ် လက်ထောက်သုတေသီကို ကျွန်ုပ်မေးသင့်ပါသည်။ ထို့အပြင် ကျွန်ုပ်သည် သုတေသနစီမံကိန်းများတွင် ပါဝင်သူ စေတနာ့ဝန်ထမ်းများကို အကာအကွယ်ပေးသည့် လူသားများသုတေသသနဆိုင်ရာကော်မတီ (Committee on Human Research) ကို ဆက်သွယ်ချင် ဆက်သွယ်နိုင်ပါသည်။ တနလ်ာနေ့ မှ သောကြာနေ့အတွင်း၊ နံနက် (၈) နာရီ မှ ညနေ (၅) နာရီအထိ တယ်လီဖုန်းနံပါတ်။ ။ (၄၁၅) ၄၇၆–၁၈၁၄ သို့ ဖုန်းဆက်၍ဖြစ်စေ၊ UCSF Human Research Protection Program, Box 0962, 3333 California St., Ste. 315, San Francisco, CA 94143 သို့ စာရေး ၍ဖြစ်စေ ဤကော်မီတီကို ဆက်သွယ်ချင်ဆက်သွယ်နိုင်ပါသည်။

ဘာသာပြန်မှုနှင့်ပတ်သက်၍မေးလိုပါက တယ်လီဖုန်း နံပါတ် (၄၇၆–၁၈၁၄) သို့ ဆက်သွယ်ပါ။

Researchers: If using the "short form" method of consent, affirm the following and obtain the signatures below:

The elements of consent were presented orally on _____(date).

_____ _____

Subject Signature Witness Signature